DVBDEBATE.NET FACEBOOK.COM/DVB.DEBATE TWITTER: @DVBDEBATE

“ဒီဗွီဘီ ဒီဘိတ်”အခြေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group ကနေ အပတ်စဉ် စနေနေ့တိုင်း ရိုက်ကူးကာ ဒီဗွီဘီ ရုပ်သံလိုင်းမှတဆင့် ထုတ်လွှင့်ပေးနေတာဖြစ်ပါတယ်။

TV Schedule

| | | | |
|---|---|---|---|
| Sunday | 19:15 | night | repeat |
| Monday | 10:15 | 15:15 | night repeat |
| Wednesday | 10:15 | 15:15 | night repeat |
| Friday | 10:15 | 15:15 | night repeat |

DVB Debate ဟာ အတွေးမြင်အယူအဆများ ဖလှယ်ကာ လွတ်လပ်စွာ သဘောထားကွဲလွဲနိုင်ရန်၊ အပြန်အလှန်နားလည်မှုများ ဖန်တီးတည်ဆောက်ရန်၊ မြန်မာ့အနာဂတ်ပိုမိုကောင်းမွန်လာစေဖို့ လူ့အဖွဲ့အစည်းအတွင်းမှာရှိနေတဲ့ ပြဿနာများကို အဖြေရှာနိုင်စေရန်နှင့် လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားမှုတွေကို လက်ခံပေးနိုင်တဲ့ အခြေအတင်ဆွေးနွေးခြင်း ယဉ်ကျေးမှုပေါ်ထွက်လာစေရန် ရည်ရွယ်ပါတယ်။ အဖွဲ့အနေဖြင့် အခြား မီဒီယာများနှင့် ဆွေးနွေးပွဲ အသင်းအဖွဲ့များကိုလည်း ယခုလို ပွင့်လင်းတဲ့ အခြေအတင်ဆွေးနွေးပွဲများမှာ ပါဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနှင့် ကာတွန်းများကို ရုပ်သံရိုက်ကူးအပြီး မကြာခင်မှာပဲ ဒီဗွီဘီ ဒီဘိတ်၏ ဖေ့ဘုတ် စာမျက်နှာနှင့် ဝက်ဘ်ဆိုဒ်များမှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းရှိ အခြေအတင်ဆွေးနွေးပွဲ အစီအစဉ်များကို ပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်ရန်အတွက်လည်း DVB Debate မှာ ရန်ပုံငွေများရှိပါကြောင်း အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့
***“Does taxation lead to more democratisation?”***

ဆိုတာပဲဖြစ်ပါတယ်။

❖ မှတ်ချက်ပြုလိုသည်များ၊ အကြံပေးလိုသည်များနှင့် မေးခွန်းများ မေးမြန်းလိုပါက ရုံးချိန်အတွင်း ၀၁ ၂၉၂၇၄၃ သို့ဆက်၍ဖြစ်စေ၊ debate@dvb.no သို့ဖြစ်စေ ဆက်သွယ်၍ အဖွဲ့ဝင်တဦးဦးထံသို့ မေးမြန်းနိုင်ပါသည်။

## This week's topic is TAXES AND SERVICES

### *Historical context:*

မြန်မာ့အကောက်ခွန်စနစ်ဟာ ဝင်ငွေခွန်ဥပဒေနဲ့ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပေါ်မှာ အဓိက အခြေခံထားပါတယ်။ အခွန်(၁၅)မျိုးထဲမှာ အဓိကကောက်ခံတဲ့အခွန်တွေကတော့ ဝင်ငွေခွန်၊ အမြတ်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်နဲ့ အောင်ဘာလေထီခွန်တို့ပဲဖြစ်ပါတယ်။ အရင်စစ်အစိုးရကျင့်သုံးခဲ့တဲ့ ဘဏ္ဍာရေးစနစ်ဆိုးကြောင့် မြန်မာနိုင်ငံရဲ့ ပြည်သူ့ဘဏ္ဍာရေးဟာ ပြုတ်လုဆဲအခြေအနေကို ဆိုက်ရောက်သွားခဲ့သလို ပေါ်ထွန်းစဈေးကွက်စီးပွားရေးရှင်သန်ရေးအတွက် မြန်မာနိုင်ငံရဲ့ဘဏ္ဍာရေးခိုင်မာတောင့်တင်းအောင်လုပ်ဖို့ အပူတပြင်းလိုအပ်လာခဲ့ပါတယ်။ အခွန်ထမ်းလာအောင် ဖိအားပေးဆောင်ရွက်မှုအားနည်းခြင်းနဲ့ တာဝန်ခံမှုမရှိခြင်းတို့ကြောင့် ချမ်းသာတဲ့ခရိုနီတွေအပါအဝင် အခွန်ထမ်းလုပ်ငန်းရှင်တစ်ဝက်ကျော်ကျော်ဟာ အခွန် ရှောင်ခဲ့ကြပါတယ်။ လာဘ်ပေးလာဘ်ယူခြင်း၊ အကျင့်ပျက်ခြစားခြင်း၊ တရားမဝင်ရောင်းချခြင်းနဲ့ တင်ပို့ခြင်းတို့ကြောင့် လူအတော်များများကို အခွန်ရှောင်တိမ်းခွင့်ရသွားစေတဲ့အပြင် နိုင်ငံရဲ့ဒေသ အချို့မှာ စစ်တပ်၊ ရဲနဲ့ အစိုးရအရာရှိတွေရဲ့ လိုင်းကြေးလို့ခေါ်တဲ့ တရားမဝင်အခွန်ကောက်ခံမှုက ထုံးစံလိုဖြစ်လာခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ ဦးသိန်းစိန်အစိုးရအဖွဲ့က အရင်စစ်အစိုးရဆီက အာဏာလွှဲပြောင်းရယူချိန်ကစလို့ မြန်မာနိုင်ငံရဲ့အကောက်ခွန်စနစ်ကို ပြုပြင်ပြောင်းလဲမှုတွေ လုပ်ခဲ့တာပါ။ ဥပဒေပြင်ဆင်ချက်တွေနဲ့ အခွန်ကောက်ခံမှုကို တင်းတင်းကြပ်ကြပ်ဆောင်ရွက်တာဟာ တရားမျှတဲ့ပြိုင်ဆိုင်မှုကို ဖော်ဆောင်ပေးဖို့ပဲဖြစ်သင့်ပါတယ်။ အာဏာလက်ကိုင်ထားတဲ့ အရာရှိတွေရဲ့အလိုကျမဟုတ်ဘဲ ဒီမူပေါ်မှာအခြေခံထားတဲ့ မြန်မာနိုင်ငံရဲ့အကောက်ခွန်စနစ်ကို ခိုင်မာစေဖို့ပဲဖြစ်သင့်ပါတယ်။ ဒါပေမယ့် အကောက်ခွန်စနစ်နဲ့ပတ်သက်လို့ ပွင့်လင်းမြင်သာမှု မရှိတဲ့အပေါ် အတော်များများက ဝေဖန်နေကြဆဲပါ။ အခွန်ထမ်းပြည်သူတွေမျှော်လင့်ထားတဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေဖန်တီးမပေးသမျှ အခွန်နဲ့ပတ်သက်လို့ လူထုကြားမှာ ယုံကြည်မှုတွေ ဆိတ်သုဉ်းနေဦးမှာပဲဖြစ်ပါတယ်။

### *Facts and Figures:*

- ၂၀၁၄ မတ်လ ၂၈ ရက်နေ့မှာ ၂၀၁၄ခုနှစ်ပြည်ထောင်စုမြန်မာနိုင်ငံအကောက်ခွန်ဥပဒေနဲ့ အခြားအခွန်ဥပဒေ ၄ ရပ်ကို လက်မှတ်ရေးထိုးအတည်ပြုခဲ့ပြီး ၂၀၁၄ ဧပြီလ ၁ ရက်နေ့ကစပြီး ကျင့်သုံးခဲ့ပါတယ်။ (အခြားဥပဒေသစ်တွေမှာ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ တံဆိပ်ခေါင်းဥပဒေနဲ့ တရားရုံးစရိတ်ဥပဒေတွေရဲ့ ပြင်ဆင်ချက်တွေပါပါတယ်။)

- မြန်မာနိုင်ငံရဲ့အခွန်စနစ်မှာ ပြည်တွင်းအခွန်ဦးစီးဌာနကစည်းကြပ်တဲ့ ကွဲပြားတဲ့ အခွန်ကောက်ခံပုံ (၁၅)မျိုးပါဝင်ပါတယ်။

- မြန်မာနိုင်ငံဟာ တစ်ထပ်ပဲစည်းကြပ်တဲ့ကော်ပိုရိတ်အခွန်စနစ်ကို ကျင့်သုံးပါတယ်။ ဒီစနစ်အရ ကုမ္ပဏီကနေ ရှယ်ယာရှင်တွေဆီကိုပြန်ခွဲပေးတဲ့ အစုပေါ်အမြတ်တွေအပေါ်မှာ အခွန်ကင်းလွတ်ခွင့် ပေးတဲ့စနစ်ဖြစ်ပါတယ်။

- အခုလောလောဆယ်မှာ မြန်မာနိုင်ငံက အိန္ဒိယ၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ထိုင်း၊ ဗြိတိန်၊ ဗီယက်နမ်နိုင်ငံတွေနဲ့ အခွန်(၂)ထပ်စည်းကြပ်မယ့် သဘောတူစာချုပ် တွေချုပ်ဆိုထားပါတယ်။

- နိုင်ငံခြားကုမ္ပဏီခွဲတစ်ခုကိုတော့ မြန်မာနိုင်ငံဘက်ကရရှိမယ့် ဝင်ငွေအရင်းအမြစ်ပေါ်ကနေ အခွန်(၃၅)ရာခိုင်နှုန်း စည်းကြပ်လိုက်ပါတယ်။

- မြန်မာနိုင်ငံ ဘဏ္ဍာရေးနဲ့အခွန်ဝန်ကြီးဌာနရဲ့ စာရင်းဇယားတွေအရ ၂၀၁၂ ခုနှစ်က ပြည်သူ(၇၀) ရာခိုင်နှုန်းက အခွန်မဆောင်ကြဘူးလို့ ရောဂတီအွန်လိုင်းဂျာနယ်မှာဖော်ပြခဲ့ပါတယ်။

### *Points of view:*

'"လူတိုင်းက အခွန်ထမ်းရပါမယ်။ တိကျခိုင်မာတဲ့အခွန်စနစ်သာရှိရင် ဒီဝင်ငွေအရင်းအမြစ်ကနေ ကျမတို့တိုင်းပြည် ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်"လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကဆိုပါတယ်။

"ဟိုအရင်က အခွန်ရှောင်နိုင်ခဲ့ကြတဲ့သူတွေက အခုထိလဲ ရှောင်နိုင်နေကြတုန်းပဲလို့ထင်တယ်။ ဥပဒေသစ်တွေပြဋ္ဌာန်းထားပေမယ့် အကောင်အထည်ဖော်မှုအားနည်းနေတာက ပြဿနာပဲ။"လို့ စီးပွားရေးပညာရှင် ဦးဟန်ထွန်း(အခွန်)ကပြောပါတယ်။

"ဒီနိုင်ငံမှာ စီးပွားရေးလုပ်ငန်းလုပ်ရာမှာ အခွင့်ထူးခံစားနေရတဲ့ ဒါမှမဟုတ် အခွန်ကင်းလွတ်ခွင့်ရနေတဲ့ သူရယ်လို့ မရှိ(သင့်)ပါဘူး။ ဒီလိုအခွင့်အရေးမျိုးခံစားနေရတယ်သူရှိရင် အဲဒီစနစ်ကိုပြင်ပစ်ရမယ်။"လို့ လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းကဆိုပါတယ်။

### *Information Links:*

www.myanmarcustoms.gov.mm
www.asiatradehub.com
www.irdmyanmar.gov.mm
www.internationaltaxreview.com
www.umfcci.net
www.dvb.no